စုံပဒေါက်ကျေးရွာ

ရေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စုံပဒေါက်ကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ဇွန်လ

မာတိကာ

မာတိကာ

စကားချီး

စုံပဒေါက်ကျေးရွာ သယံဇာတပြန်လည်ပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား
၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့်

အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စုံပဒေါက်ကျေးရွာ

ရေးမြို့နယ်

စုံပဒေါက်ကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

စုံပဒေါက်ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နှင့် ကျောင်းရွာသို့ဆက်သွယ်ထားသော ကားလမ်းမဘေးမှ (၃မိုင်ခွဲ)ခန့် သွားရောက်ရပါသည်။ ကျောင်းရွာကျေးရွာအုပ်စုတွင်တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ နှစ်စဉ်မိုးရေချိန်လက်မ (၈၀)ခန့်ရှိပြီး သဘာဝပေါက်ပင်များ ဝါး၊ကုကိုင် မရမ်းပင်၊သရက်ပင်၊ငှက်ပျော်ပင်စသောအပင်များ ပေါက်သည်။ မိုးစပါး

စိုက်ပျိုးနိုင်သော လယ် (၁၆၉)ဧက၊ နှစ်ရှည်သီးနှံပင်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်သော မြေဧက (၄၃၅.၅)ဧက ရှိသည်။ ကျေးရွာတောင်ဘက်တွင် နှစ်ကရုပ်ချောင်းရှိပါသည်။ ကျေးရွာတွင် မြစ်ချောင်းများမှ သောက်သုံးရေအသုံးမပြုနိုင်ခြင်းကြောင့် ရေတွင်းများ တူးပြီး ရေတင်စက်များဖြင့် အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြ သည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း အများနှင့်သက်ဆိုင်သောဘာသာရေးလုပ်ငန်းများတွင် ရပ်မိရပ်အဖွဲ့၊ ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့၊ ကျေးရွာအရံမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့များ ရှိပါသည်။ကျေးရွာလူငယ်မီးသတ် တပ်ဖွဲ့သည် နွေရာသီတွင် မီးဘေးကာကွယ်နိုင်ရန်အတွက် ကြိုတင်ဆောင်ရွက်ထားမှုများလည်းရှိပါသည်။ကျေးရွာတွင် သာရေး၊နာရေး၊ လူမှုရေးကိစများပေါ်ပေါက်လာလျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏လုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။မိုးရာသီတွင်ကွမ်းသီးပျိုးပင်နှင့် ရာဘာပျိုးပင်များ စိုက်ပျိုးကြသည်။နွေရာသီတွင် ရော်ဘာခြစ်လုပ်ငန်း လုပ်ကိုင်ပြီး ဟင်းသီးဟင်းရွက် အနည်းငယ် စိုက်ပျိုးကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၃) အိမ်ရှိပြီး ဝက်ကောင်ရေ (၉) ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၁၆)စုမှ (၆၃၅)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့်

အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှု အနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့်အတိုးနှုန်း(ပြားစ၀)ကျပ်ဖြင့်ငွေထုတ်ချေးပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်းမြစိမ်းရောင်ချေးငွေကိုထုတ်ချေးပေးပြီးအတိုးနှုန်း

(တစ်ကျပ်)ဖြင့် ထုတ်ချေးထားသည်လည်း ရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိုင်ကယ်ကယ်ရီမောင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၁၅၄) စီး၊ ကား (၂၀)၊စက်ဘီး(၅)စီး၊ နွားလှည်း(၁)စီး၊စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင်မြေသားလမ်းသာရှိသည်။မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်အလှမ်းဝေးကွာလွန်းသဖြင့် ဆိုလာစနစ်အသုံးပြုနေကြသည့်အိမ်ထောင်စု(၁၇)စုရှိပြီး၊ ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးအသုံးပြုသော အိမ်ထောင်စုမှာ(၁၁၀)စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

စုံပဒေါက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၇၀) လုံး၊ တီဗွီ (၉၆) လုံး၊ ရေဒီယို(၇)လုံးစသည်တို့မှ ဆက်သွယ်ရရှိပါသည်။

၆။ ပညာရေး

စုံပဒေါက်ကျေးရွာတွင်အလယ်တန်းကျောင်းခွဲရှိပါသည်။ကျေးရွာတွင်ပညာရေးအဆင့်အတန်းအသင့်အတင့် ရှိကြောင်းတွေ့ ရှိရပါသည်။ကျေးရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင် ပညာရေးကို အလယ်တန်းအဆင့်ထိသာ တက်ရောက်သင်ကြားနိုင်ပြီး အထက်တန်းအဆင့်ပညာရေးကို ကျေးရွာနှင့် (၅မိုင်)ခန့် ကွာဝေးသော ကျောင်းရွာကျေးရွာရှိ အထက်တန်းကျောင်းသို့လည်းကောင်း၊ ကျေးရွာမှ(၁၀)မိုင်ကျော် ကွာဝေးသောရေးမြို့ပေါ်ရှိ အထက်တန်းကျောင်းများသို့ ဆက်လက်ပညာသင်ယူကြပါသည်။တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင် သူများလည်း ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ မရှိသလောက်နည်းပါးပါသည်။ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာနှင့်(၅မိုင်)ခန့် ကွာဝေးသော ကျောင်းရွာကျေးရွာရှိ တိုက်နယ်ဆေးရုံသို့သာ သွားရောက်ကုသမှု ခံယူကြရပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်နိုင်ပါက ရွာသူရွာသားများအတွက်လည်း ကျန်းမာရေးပိုမိုအဆင်ပြေအောင်စောင့်ရှောက်နိုင်ပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။လူကြီးများတွင် ရာသီတုတ်ကွေး ကူးစက်ခံရတတ်ခြင်း ရှိသည်။အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို လက်ရှိတွင် ကျောင်းရွာကျေးရွာရှိ တိုက်နယ်ဆေးရုံတွင်သာ စောင့်ရှောက်မှု ပေးနေပြီး ခလေးငယ်များအတွက် ကာကွယ်ဆေးကို လစဉ်ထိုးပေးလျှက် ရှိပါသည်။

ကျေးရွာတွင်ရွာသူရွာသားများအားလုံးသည်သောက်သုံးရေကို စိမ့်စမ်းရေသာသုံးစွဲကြပါသည်။ကျေးရွာတွင် အိမ်ခြေ (၁၁၀)ရှိပြီး၊ တစ်ရွာလုံးစိမ့်စမ်းရေကိုသာ အသုံးပြုကြကာ ရေတွင်း(၁)တွင်း၊ အဝီစိတွင်း(၁)တွင်း ရှိပါသည်။ရေတွင်းအများစုမှာ တစ်နှစ်ပတ်လုံးရေလုံလောက်စွာ မရရှိပါ။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာမှ စိုက်ပျိုးမြေများသည် သီးနှံစိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေဩဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။သီးနှံဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် ဓါတ်ကြွင်းအနတရာယ်လျော့ပါးရေး၊ စားသုံး

သူများအတွက်ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

စုံပဒေါက်ကျေးရွာ၏ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ' တွင်အမျိုးသားများကဦးဆောင်လေ့ရှိသည်။ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေကြောင်း တွေ့ရသည်။အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော အလုပ်ကိုသာ အာရုံရှိကြပါသည်။ယာ/ဥယျာဉ်ခြံလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကွမ်းသီးကောက်ခြင်း၊ ကွမ်းသီးများပိုင်းဖြတ်ခြင်းကို လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် ဘာသာရေးပွဲ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ရှင်ပြုအလှူပွဲများတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားပိုမိုရရှိပါသည်။တရားပွဲများကျင်းပရာတွင် ဘုန်းတော်ကြီးကျောင်းဆရာတော်၏လမ်းညွှန်မှုဖြင့် ကျင်းပပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျောင်းရွာကျေးရွာအုပ်စု		စုံပဒေါက်ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ
၁။	လမ်း-တံတား	ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	ရွာတွင်းလမ်း မြေနီလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။
၂။	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	စာသင် ကျောင်း(၃၀×၆၀) တည်ဆောက်ခြင်း။
၃။	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဌာနခွဲ	ကျေးလက်ကျန်းမာရေးဆေးပေးခန်းဌာနခွဲတည်ဆောက်ခြင်း။
၄။	လမ်း-တံတား(စုံပဒေါက်-အပလိုင်)	ကျေးရွာချင်းဆက်လမ်း (စုံပဒေါက်ကျေးရွာ-အပလိုင်ကျေးရွာ)	မြေနီလမ်း(၁၅၈၄၀)ပေအား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင် ခြင်း။
၅။	လမ်း-တံတား(စုံပဒေါက်-တောင်စွန်း)	ကျေးရွာချင်းဆက်လမ်း (စုံပဒေါက်ကျေးရွာတောင်စွန်းကျေးရွာ)	မြေနီလမ်း(၁၈၄၄၀)ပေအား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင် ခြင်း။
၆။	မီးလင်းရေး	ကျေးရွာတစ်ရွာလုံးမီးလင်းရေး	ဆိုလာမီးရရှိခြင်း။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

ကျေးရွာ	- စုံပဒေါက်
ကျေးရွာအုပ်စု	- ကျောင်းရွာကျေးရွာ
မြို့နယ်	- ရေး
တိုင်းဒေသကြီး / ပြည်နယ်	- မွန်ပြည်နယ်

စီမံချက်အမည် - စုံပဒေါက်ကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- စုံပဒေါက်ကျေးရွာ၏ ယခုလက်ရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး မြေသားလမ်းဖြစ်သည့်အလျောက် ပွင့်လင်းရာသီများတွင် သွားလာမှုအသင့်အတင့် လွယ်ကူသော်လည်း မိုးရာသီကာလတွင် ရေအိုင်များ၊ ချိုင့်များ၊ ဗွက်များ ဖြစ်သောကြောင့် သွားလာရာတွင် အလွန်အခက် အခဲဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် လည်း အလွန်ပင်အခက်ခဲများနှင့် ကြုံတွေ့ရပြီး မွေးလူနာများလည်း မိုးတွင်းကာလတွင် သွားလာရခက်ခဲ ခြင်းကြောင့် သွားလာရပိုမိုလွယ်ကူစေရန် အလို့ငှာ လမ်းခင်းချင်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- လက်ရှိမြေနီလမ်းအား ကွန်ကရစ်လမ်းပြုလုပ်ပြီးစီးပါက ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ် ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းတိုးတက်လာ ခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။
- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လက်ရှိအကောင်အထည် ဖော်ပြီးသည့်အခါ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာမှထုန်ကုန်များ၊ ရာသီအလိုက်သီးနှံများသားငါးများကို အချိန်ရာသီမရွေး ကူးသန်းရောင်းဝယ်နိုင်ပြီး ပို့ဆောင်ရေးများတွင် လည်း ပတ်ဝန်းကျင်ရှိကျေးရွာများသို့ ရောင်းဝယ်လုပ်ကိုင်နိုင်ခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- လမ်းပေအရှည်( )၊ အကျယ်( )၊ ထု( ) ခန့်မှန်းကုန်ကျငွေ( )
-

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • စုံပဒေါက်ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၇၅	၂၆၈	၅၄၃	၁၀	၉၀	၅	၅	၁၁၀
အကျိုးခံစားမည့်သူ ဦးရေ	၂၇၅	၂၆၈	၅၄၃	၁၀	၉၀	၅	၅	၁၁၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • စုံပဒေါက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • စုံပဒေါက်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကွန်ကရစ်လမ်းခင်ရာတွင် လိုအပ်သည့် အထောက်အကူများပါဝင်ကူညီ ထည့်ဝင်ခြင်း။ • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • လုပ်သားအင်အားဖြင့် ပါဝင်ကူညီပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊ • လမ်းနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ရန် ညွှန်ကြားချက်များထားရှိခြင်း၊ • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ကြပြီး ငွေကြေးများ ထည့်ဝင်ကြပြီး လုပ်ငန်းပြီးစီးပါက စာရင်းအင်းများကို တိကျစွာပေးပို့ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)

ကျေးရွာ	– စုံပဒေါက်
ကျေးရွာအုပ်စု	– ကျောင်းရွာကျေးရွာ
မြို့နယ်	– ရေး
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – စာသင် ကျောင်း(၃၀×၆၀) တည်ဆောက်ခြင်း။	

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- စုံပဒေါက်ကျေးရွာရှိ စာသင်ကျောင်းတွင် ကျောင်းဆောင်နှင့် ကျောင်းသား စာသင်ဆောင်မလုံလောက်သောကြောင့် ကျောင်းဆောင်တစ်ဆောင်တည်ဆောက်ရန်လိုအပ်နေပါသည်။
- စာသင်ဆောင်အတွက် အလျား(၆၀)ပေ အနံ(၃၀)ပေ ရှိသော အဆောက်အဦ လိုအပ်နေပါသည်။
- စာသင်ဆောင် ဆောက်လုပ်ပြီးပါက ကျောင်းသူ/သားများလည်း စိတ်အေးချမ်းသာစွာ ပညာလေ့လာဆည်းပူနိုင်မည်ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- စုံပဒေါက်ကျေးရွာရှိ အလယ်တန်းကျောင်းခွဲ၏ စာသင်ဆောင်များသည် ကျောင်းသားဦးရေနှင့် မလောက်ငှခြင်းကြောင့် စာသင်ဆောင်လျှောက်ထားခြင်းဖြစ်ပါသည်။
- မြို့ပေါ်ကျောင်းများသို့ တက်ရောက်ပညာသင်ယူမည်ဆိုပါက စားသောက်နေထိုင်စရိတ်မှာ ကြီးမားသောကြောင့် ကျေးရွာရှိ ကျောင်းသားမိဘများအနေဖြင့် ကုန်ကျစရိတ်မတက်နိုင်သောကြောင့် ၎င်းတို့၏သား/သမီးများကို ကျေးရွာရှိကျောင်းတွင်သာ တက်ရောက်စေခဲ့ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာရှိ စာသင်ဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ကျောင်းသူ/ကျောင်းသားများပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့လာပါမည်။
- ကျောင်းသားမိဘများအနေဖြင့်လည်း ၎င်းတို့၏သားသမီးများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားစေနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- စာသင်ဆောင် ဆောက်လုပ်ရန် ကျောင်းဝင်းအတွင်း မြေနေရာအဆင်သင့်ရှိပါသည်။
- စာသင်ဆောင် ဆောက်လုပ်ရာတွင် ကျေးရွာရှိ လုပ်သားအင်အားဖြင့်လည်း ပါဝင်ကူညီနိုင်ပါသည်၊
- အလျား(၆၀)ပေ၊ အနံ(၃၀)ပေ ဆောက်လုပ်ရန်လျာထားပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • စုံပဒေါက်ကျေးရွာ •
•	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၇၅	၂၆၈	၅၄၃	၁၀	၉၀	၅	၅	၁၁၀
အကျိုးခံစားမည့်သူ ဦးရေ	၂၇၅	၂၆၈	၅၄၃	၁၀	၉၀	၅	၅	၁၁၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • စုံပဒေါက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • ဆေးပေးခန်းတည်ဆောက်ရာတွင် လိုအပ်သည့်မြေ ပေ(၁၀၀)ပတ်လည်ပေးနိုင်ခြင်း၊ • ကျေးရွာမှ လုပ်သားအင်အားဖြင့် ကူညီဆောင်ရွက်ကေပးနိုင်ခြင်း။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း။ • ကျောင်းဆောင်နှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန် ညွှန်ကြားချက်များထားရှိခြင်း။ • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ပြီး လုပ်ငန်းပြီးစီးပါက စာရင်းများတိကျစွာ ပေးပို့ပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)

ကျေးရွာ	– စုံပဒေါက်
ကျေးရွာအုပ်စု	– ကျောင်းရွာကျေးရွာ
မြို့နယ်	– ရေး
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – လျှပ်စစ်မီး /ဆိုလာမီးလင်းရေး	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • စုံပဒေါက်ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောကြောင့် ကျေးရွာရှိ ပုဂလိကပိုင် ဒီဇယ်သုံးအင်ဂျင်ဖြင့်သာ လျှပ်စစ်မီးကို ညအချိန်တွင်သာ အသုံးပြုကြရပါသည်။ • လျှပ်စစ်မီးကို လုံလောက်စွာမရရှိခြင်းကြောင့် ကျောင်းသူကျောင်းသားများအနေဖြင့် စာကျက်မှတ်ရာတွင် အခက်အခဲများရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) • ဆိုလာမီးရရှိမည်ဆိုပါက ကျောင်းသူ/သားများစာကျက်ရာတွင် စာကျက်ချိန် အရင်ကထက်အချိန်ပိုမို ရရှိစေပါမည်။ • ကျေးရွာသူ/သားများ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် အိမ်တိုင်းစေ့ မီးလင်းနိုင်ပါမည်။ • ကျေးရွာသည် ဆိုလာမီးရရှိပါက ကျေးရွာအနေဖြင့် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပါမည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • စံမံချက် အကောင်အထည်ဖော်ပြီးပါက လူနေမှုအဆင့်အတန်း မြင့်မားလာမည်။	

- ကျောင်းသူ/သားများ ပညာသင်ယူမှုပိုမိုကောင်းမွန်လာ ပညာတတ်ဦးရေ ပိုမိုတိုးတက်လာမည်။
- ဆိုလာမီးရရှိပါက အင်တာနက်လိုင်းများမှတဆင့် သတင်းအချက်အလက်များနှင့် မိုးလေဝသ သတင်းများအား ပိုမိုလွယ်ကူစွာ ရှာဖွေသိရှိလာပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- အိမ်ခြေ(၁၁၀)အတွက် ဆိုလာမီးတပ်ဆင်ရန် ခန့်မှန်းကုန်ကျငွေ သိန်း(၁၀၀)ကျပ် ဖြစ်ပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • စုံပဒေါက်ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၇၅	၂၆၈	၅၄၃	၁၀	၉၀	၅	၅	၁၁၀
အကျိုးခံစားမည့်သူ ဦးရေ	၂၇၅	၂၆၈	၅၄၃	၁၀	၉၀	၅	၅	၁၁၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- စုံပဒေါက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးပါမည်။
- စုံပဒေါက်ကျေးရွာ တစ်အိမ်သုံးဆိုလာစနစ်တပ်ဆင်ခြင်းအတွက် လုပ်အားနှင့် အထောက်အကူပြုပစည်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်ပါက ငွေကြေးများလည်း ထည့်ဝင်ကူညီ ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်ရမည့် အစီအစဉ်များအား ရေးဆွဲပါမည်။
- လုပ်ငန်းများအကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးစီးမှု အလွဲအပြောင်းလုပ်ဆောင်ပါမည်။

- ဆိုလာနှင့်ဆက်စပ်ပစည်းများ ရေရှည်ကောင်းမွန်ခိုင်ခန့်စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ကာ လုပ်ဆောင်သွားပါမည်။

စုံပဒေါက်ကျေးရွာ၊ ကျောင်းရွာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းနိုင်	ဦးအောင်သန်းစိန်	၁၀/ရမန(နိုင်)၆၉၃၅၁၁	၄၃	ဥက္ကဋ္ဌ	၀၉.၆၉၅၃၂၀၀၈၃
၂	ဦးသောင်းရွှေ	ဦးရွှေလင်း	၁၀/ရမန(နိုင်)၀၆၂၄၇၈	၅၅	အတွင်းရေးမှူး	
၃	ဦးမင်းဝေဦး	ဦးဗိုလ်ရှိန်	၁၀/ရမန(နိုင်)၁၇၆၀၈၇	၂၄	ဘဏ္ဍာရေးမှူး	၀၉၂၅၅၉၅၄၄၆၃
၄	ဦးစန်းလွင်	ဦးဘုတ်	၁၀/ရမန(နိုင်)၁၄၅၄၃၆	၃၇	သေ့ကိုင်(၁)	
၅	ဦးစိုးသူ	ဦးသောင်းရွှေ	၁၀/ရမန(နိုင်)၁၄၆၁၄၆	၃၃	သေ့ကိုင်(၂)	
၆	ဒေါ်ခင်စန်းရီ	ဦးစံတင်	၁၀/ရမန(နိုင်)၁၂၈၅၀၄	၄၈	စာရင်းကိုင်	
၇	ဒေါ်ချို	ဦးဘိုအောင်	၁၀/ရမန(နိုင်)၁၇၁၈၁၀	၃၅	အဖွဲ့ဝင်	
၈	ဒေါ်ငယ်	ဦးအောင်ညွန့်	၁၀/ရမန(နိုင်)၀၆၁၀၉၄	၄၈	အဖွဲ့ဝင်	
၉	ဦးသန်းထိုက်	ဦးရင်	၁၀/ရမန(နိုင်)၁၃၂၅၃၀	၃၁	အဖွဲ့ဝင်	

နောက်ဆက်တွဲ (၂)

စုံပဒေါက်ကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ (၂)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**အခြေခံအဆောက်အဦ**					
	• လမ်းတံတား ရွာချင်းဆက်လမ်း မကောင်းခြင်း။	• မြေသားလမ်း ဖြစ်နေခြင်း၊ • သွားလာရခက်ခဲခြင်း • မိုးရာသီတွင်ချိုင့်ခွက်များ ြဖစ်ပေါ်စေခြင်း • လမ်းပေါ်တွင်ရေအိုင်များ ဖြစ်ပေါ်ခြင်း • ငွေကြေး ချို့တဲ့ခြင်း။	• လုပ်အားဖြင့်ပါဝင်ကူညီ နိုင်ခြင်း • လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပါက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပိုမိုတိုးတက်လာခြင်း။	• ငွေကြေးမတတ်နိုင် ခြင်း။	• ကျေးရွာလမ်းကော်မတီဖွဲ့ စည်းပြီး ကျေး/လက်ဌာန နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း၊ ကျေးလက်လမ်း ဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း။	• လမ်းပန်းဆက်သွယ်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ • လမ်းတံတားများ ဆောက်လုပ် ခြင်း၊ ပြုပြင်ခြင်းများ။
၂	**ပညာရေး**					
	• စာတက်မြောက်သူဦး ရေ နည်းနေခြင်း	• စာသင်ကျောင်းဆောင်လုံ လောက်မှုမရှိခြင်း • ဝန်ထမ်းများနေထိုင်ရန် အဆောင်မရှိခြင်း။	• စာသင်ကျောင်းဆောက် လုပ်ရန်မြေနေရာ အဆင်သင့်ရှိခြင်း • ရွာသူရွာသားများ၏ လုပ်အားဖြင့်ပါဝင်ကူညီ နိုင်ခြင်း။	• ကျောင်းဆောက်လုပ် ရန်ငွေကြေးမတက် နိုင်ခြင်း။	• ပညာရေးဌာနနှင့်ချိတ်ဆက် ကာ လိုအပ်သည်များတင်ပြ တောင်းခံခြင်း။ကျောင်း ကော်မတီနှင့်ဖွဲ့ စည်းပြီးပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း • ကျေးလက်ဦးစီးဌာနနှင့်ချိတ် ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း ။	• ကျောင်းအဆောက်အဦ ဆောက် လုပ်ခြင်း • အဆောက်အဦ၊ပရိဘောဂ၊သင် ထောက်ကူများပြည့်စုံစွာပံ့ပိုးခြင်း၊ • ကျောင်းဆောင်ဟောင်း ပြန်လည် ပြုပြင်ခြင်း • ဝန်ထမ်းအဆောင်များ ဆောက် လုပ်ခြင်း။
၃	**မီးလင်းရေး**					
	• လျှပ်စစ်မီးမရှိခြင်း	• မဟာဓာတ်အားလိုင်းနှင့် ဝေးကွာနေခြင်း	• ကျေးရွာမှလုပ်အား၊ ငွေအားတက်နိုင် သလောက်ကူညီနိုင် ခြင်း	• ရေးမြို့အထိ မဟာဓာတ်အားလိုင်း မရောက်ရှိသေးခြင်း	• ဆိုလာမီး တပ်ဆင်ခြင်း • မြို့နယ်ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း	• ဆိုလာမီး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်ကျေးရွာကော် မတီဖွဲ့စည်းပြီး ကျေးလက်ဦးစီး ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						ခြင်း • ဆိုလာမီးတပ်ဆင်ပြီးပါကကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ/ကျေးရွာသားများမှ ဝိုင်ဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၂	၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၁	၉	၂၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၅	၁၁	၃၆

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၄	၂၄	၃၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၆	၂၀၇	၄၁၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၅	၂၈
စုစုပေါင်း		၂၇၅	၂၆၈	၅၄၃
စုစုပေါင်း အိမ်ထောင်စု		၁၁၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာသည် အိမ်ထောင်စု(၁၁၀)စု၊ လူဦးရေ(၅၄၃) ဦးရှိပါသည်။စုံပဒေါက်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၄၇%)၊ ၅နှစ်အောက်ကလေးငယ်(၃.၆၈%)၊ မူလတန်းကျောင်းသားအရွယ်(၆.၆၃%)၊ အလယ်တန်းကျောင်းသားအရွယ်(၇%)၊ အလုပ်လုပ်နိုင်သည့်အရွယ်(၇၆.၀၆%)၊သက်ကြီး ရွယ်ကြီးအရွယ်(၅.၁၆%)ရှိပါသည်။ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၂၃.၉၄)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၂၀၆)ဦး၊ မ(၂၀၇)ဦးစုစုပေါင်း(၄၁၃)ဦးရှိပြီးတစ်ရွာလုံး လူဦးရေ၏ (၇၆.၀၆)%ရှိပါသည်။ထို့ ကြောင့်ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်း အမြစ်ကောင်းများအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ				
ယာမြေ				
ဥယျာဉ်ခြံမြေ	၂၇၃၄	သင့်	အနည်း အကျဉ်း	စိမ့်စမ်း
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ စုံပဒေါက်ကျေးရွာတွင် ဥယျာဉ်ခြံမြေ(၂၇၃၄)ကေရှိပြီး ရေအရင်းအမြစ်အနေဖြင့် စိမ့်စမ်းရေကိုသာ အဓိကအသုံးပြုပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	မရှိ	လွယ်
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	ခက်
ပျမ်းမျှအပူချိန် - ၃၃.၁ C°	ပျမ်းမျှ မိုးရေချိန် - လက်မ(၆၈)ခန့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။စုံပဒေါက်ကျေးရွာတွင် ကာဗွန်၊ သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ ရှားပါး သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ရပ်မိရပ်ဖ	၁☐ ၂√ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာတွင်အဓိကကျသည့်အဖွဲ့ဖြစ်ပြီးသမာသမတ်ကျ၍ ဩဇာရှိသောအဖွဲ့ဖြစ်သည်။
၂	လူငယ်	၁☐ ၂√ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ရပ်ရွာအကျိုးကိုတက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ဖြစ်သည်။
၃	အမျိုးသမီးရေးရာ	၁☐ ၂√ ၃☐	ပညာရေး √ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ရပ်ရွာ၏ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးများတွင် အဓိကထား လုပ်ဆောင်သောအဖွဲ့ဖြစ်သည်။
၄	မီးသတ်အဖွဲ့	၁☐ ၂ √ ၃ ☐	ပညာရေး ☐ ငွေကြေး ☐	မီးသတ်အဖွဲ့သည် မိမိရပ်ရွာတွင်သာမကအခြားကျေးရွာ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	များ မီးလောင်မှု ဖြစ်ပွားပါက လည်းအချိန်နှင့်တပြေးညီ ကူညီမှုများပြုလုပ်နေပါသည်။
၅	လူမှုကူညီရေးအသင်း	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာမှသာရေး/နာရေးကိစ္စများတွင် အားသက်သရောပါဝင်ဆောင် ရွက်ပေးသောအဖွဲ့ဖြစ်သည်။
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □	

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။စုံပဒေါက်ကျေးရွာတွင် လူမှုအဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-	-	-
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ် ထောင်အိမ်	သွပ်မိုးအိမ်	ဝါး၊ခနိမိုးအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ကား/ဆိုင်ကယ်	ဆိုင်ကယ်/သုံးဘီးဆိုင်ကယ်/ထော်လာဂျီ	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး	စိုက်ပျိုးရေး/	တစ်ပိုင်တစ်နိုင်	ကျပန်း	ကျပန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
လုပ်ငန်း	ဈေးဆိုင်ကြီး	စိုက်ပျိုးမွေးမြူရေး/ဈေးဆိုင်		
အိမ်ထောင်စု	၁၀	၉၀	၅	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။စုံပဒေါက်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုအနည်းငယ်သာရှိပြီး အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဈေးဆိုင်လုပ်ငန်းများလုပ်ကိုင်ကြသည်။အလည်အလတ်ရှိသော အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်စီးပွားဖြစ် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး မပြေလည်သောအိမ်ထောင်စုများ နှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် ငွေကြေးပြေလည်သောရေလုပ်ငန်းရှင်များထံသို့သွားရောက်၍ ကြုံရာကျပန်း လုပ်ရင်းအသက်မွေးဝမ်းကြောင်းပြုကြရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ်တာထိ)	၅	၄.၅၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၅	၄.၅၅%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၉၀	၈၁.၈၁%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁၀	၉.၀၉%	တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ စုံပဒေါက်ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် မြေယာပိုင်ဆိုင်မှုကိုယ်စီရှိကြပါသည်။၁၂.၅ကေအထက်ပိုင်ဆိုင် သော အိမ်ထောင်စု(၁၀)အိမ်သာရှိပြီး ၅ကေမှ၁၂.၅ကေကြား ပိုင်ဆိုင်သောအိမ်ထောင်စု အရေအတွက်မှာ(၉၀)အိမ်ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
ရော်ဘာ		၁	၁၀၀ ပေါင်	၅၀၀ ပေါင်	၄၀ ပေါင်	သင့်
ကွမ်းသီး		၂	၅၀၀ ပိသာ	၇၀၀ ပိသာ	၆၀၀ ပိသာ	သင့်
သံပုရာ		၁	၅၀၀ လုံး	၁၀၀၀ လုံး	၇၀၀ လုံး	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကြောင်းပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၃	၉
ကြက်	၁၆	၆၃၅
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာတွင်(ဝက်၊ကြက်၊ဘဲ)စသော မွေးမြူရေးလုပ်ငန်းကိုမိသားစုတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းသည်ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသား စုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၂	၂၀	-	(လတ်)လုပ်ငန်းရရှိမှုအ သင့်သင့်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				

၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ ဆောက်လုပ်ရေးအလုပ်သမားများ၊ ပန်းရံအလုပ်သမားများ၊ လက်သမားများ များပြားပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောင်းရွာဈေး(ကျေးရွာ)	မြသီတာဈေး(ရေးမြို့)
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကိုခန့်မှန်းပြီးရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် √ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
	☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လှေလာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာနှင့်အနီးဆုံးဈေးမှာကျောင်းရွာဈေးဖြစ်ပါသည်။အမျိုးသမီးများသည် ကျေးရွာမှ၅မိုင်ခန့်လောက်ဝေးသော ကျောင်းရွာဈေးမှကုန်စိမ်းများကိုယူ၍ ပြန်လည်ရောင်းချခြင်းများပြုလုပ်ကြပါသည်။ရေးမြို့မြသီတာဈေးသို့ သွားရောက်၍လည်း ဝယ်ယူကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်းအမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက်သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√ ၂☐ ၃☐ ၄☐	ကောင်း ☐ သင့် √ ညံ့	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး√	၀-၁ မိုင် √ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁√ ၂☐ ၃☐ ၄	ကောင်း ☐ သင့် ☐ ညံ့ √	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး√	၀-၁ မိုင် ☐ ၁-၅ မိုင် √ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁√ ၂☐ ၃☐ ၄☐	ကောင်း☐ သင့် ☐ ညံ့√	ပွင့်လင်းရာသီ√ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် √ ၅-၁၀ မိုင် ☐

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
				၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ **။စုံပဒေါက်ကျေးရွာရှိ ရွာတွင်းလမ်း၊ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်သည့်အတွက် မိုးတွင်းအခါတွင် လမ်းပေါ်ရေများတင်ပြီး ရွံ့ဗွက်များဖြစ်ကာသွားလာရခက်ခဲပါသည်။**

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ✓	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ✓	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စုံပဒေါက်ကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၅	၁၅၄			၂၀	-	၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာသည် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကယ်ရီများ၊ ကားများ အသုံးပြုနေကြပါသည်။ကျောင်းသူ/သားများသည် ကျောင်းသွား/ပြန် စက်ဘီးအသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	၁၇
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၁၁၀
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသောကြောင့် ဒီဇယ်သုံးအင်ဂျင်မီးနှင့်ဆိုလာမီးအသုံးပြုနေသူများသာရှိသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၇၀	၇	၉၆

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း ၊ ရေဒီယို၊ တီဗွီ စသည်တို့မှ ရရှိနိုင်ပြီးကျေးရွာသည်မြို့နှင့်နီးသောကြောင့် ဆက်သွယ်ရလွယ်ကူပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၂၆	၁၀	၃၆
အလယ်တန်း	၁၄	၂၄	၃၈
အထက်တန်း	၃	၇	၁၀
တက္ကသိုလ်/ကောလိပ်	၁	၂	၃

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာတွင် အလယ်တန်းကျောင်း(၃)ရှိပါသည်။ကျောင်းသူ/သားများလည်း ပညာရေးကိုစိတ်ဝင်စားပြီးကျောင်းတက်သူဦးရေများပြားလာပါသည်။အထက်တန်းအဆင့်ပညာရေးကို ကျောင်းရွာကျေးရွာ အထက်တန်းကျောင်းသို့ ဆက်လက်ပညာသင်ယူကြပါသည်။လက်ရှိတွင် တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများဦးရေမှာ(၃)ဦး သာရှိပါသေးသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) √ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၂၇၀၀စတုရန်းပေ		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်လျော်□	ကောင်း□ သင့်□ လျော်□	ကောင်း□ သင့်□ လျော်□
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ √	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် √ လျော် □ မရှိ □	ကောင်း □ သင့် □ လျော် □ မရှိ □	ကောင်း □ သင့် □ လျော် □ မရှိ □
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် √	တိုက်ကျွေးမှုရှိသည်□	တိုက်ကျွေးမှုရှိသည်□

အကြောင်းအရာ	(၁)			(၂)			(၃)		
	တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှု မရှိပါ □		
၈။ ကျောင်းဆရာ/မ ဦးရေ	ကျောင်း	မ	ပေါင်း	ကျောင်း	မ	ပေါင်း	ကျောင်း	မ	ပေါင်း
အစိုးရခန့်	၁	၇	၈						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ **။စုံပဒေါက်ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပါသည်။ ကျောင်းဆောင်အခြေအနေမှာ အသင့်အတင့်ရှိပြီး ကောင်းမွန်သော်လည်း ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။ကျေးရွာတွင် စုစုပေါင်းဆရာ/ဆရာမဦးရေ (၈)ဦး ရှိခြင်းကြောင့် ကျောင်းသူ/သားနှင့် ဆရာ/ဆရာမအချိုး ညီမျှမှုရှိပါသည်။**

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်□	နိမ့်√	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်√	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်√	မရှိ□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိ√
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိ√
၆	တီဘီ	မြင့်□	နိမ့်√	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်√	မရှိ□
၈	သွေးတိုး	မြင့် √	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□ မရှိ√	နိမ့်□	
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု
		မရှိ√
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□ နိမ့်□ မရှိ√

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ရွာသူ/ရွာသားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၅)မိုင်ခန့်ကွာဝေး သော ကျောင်းရွာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကာ ကုသမှုခံယူ ကြရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	ရှိ	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	
၅	ဝက်သက်ရောဂါ	ရှိ	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ရှိ	
၈	အာဟာရ ပညာပေး အစီအစဉ်	ရှိ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျောင်းရွာကျေးရွာကျေးလက်ကျန်းမာရေးဌာနမှ လစဉ် (၁)ရက်နေ့ရောက်တိုင်း ပုံမှန်ကာကွယ်ဆေးများလာရောက်ထိုးနှံပေးပါသည်။ကိုယ်ဝန် ဆောင်နှင့် (၁)နှစ်ခွဲအောက် ကလေးများကို လစဉ်အမြဲလာရောက်စစ်ဆေးပေးပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် √ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ √ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် √ ၁၀ မိုင်အထက် □	ရှိ √ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။တိုက်နယ်ဆေးရုံသည် ကျေးရွာနှင် (၅မိုင်)ခန့် ကွာဝေးပြီး မြို့နယ်ဆေးရုံကြီးမှာ ကျေးရွာနှင့်(၁၀မိုင်)ခန့် ကွာဝေးပါသည်။အရေးပေါ်လူနာများအား ရေးမြို့နယ် ဆေးရုံကြီးတို့သွားရောက်ကုသရပါသည်။ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁	ကောင်း□ သင့်√ ညံ့□	နွေ၊မိုး၊ဆောင်း
အဝိစိတွင်း/	၁	ကောင်း □ သင့် √ ညံ့□	နွေ၊ မိုး၊ဆောင်း

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
စက်တပ်			
အဝီစိတွင်း/ တုံကင်		ကောင်း☐ သင့်☐ ညံ့☐	
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းေ ေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ	၁၁၀	ကော√င်း သင့်☐ ညံ့☐	နွေ၊မိုး၊ဆောင်း

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာသည် စိမ့်စမ်းရေကိုသာ အဓိက အသုံးပြုကြပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဧယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၀၅
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဓလားအိမ်သာ	၂
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာတွင် ယင်လုံအိမ်သာကိုသာ အများဆုံး အသုံးပြုကြပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဧယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	နည်း
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	နည်း
၄	မိုးခေါင်ခြင်း	နည်း
၅	အအေးလွန်ကဲခြင်း	နည်း
၆	မုန်တိုင်း	နည်း
၇	ငလျင်	မရှိ
၈	မီးဘေး	နည်း
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နည်း
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ငှက်ဖျားရောဂါ	နည်း
၁၃	တီဘီရောဂါ	နည်း
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	နည်း
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာသည် စိုက်ပျိုးရေး(ဥယျာဉ်ခြံ)လုပ်ငန်းကို အဓိကထား လုပ်ကိုင်သော်လည်း သဘာဝအရင်းအမြစ်နည်းပါးခြင်း၊သီးနှံထွက်နှုန်းပုံမှန်မရှိခြင်း၊ ကုန်စျေးနှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ ဘေးအန္တရာယ် ကျရောက်မှု၊ထိခိုက်မှုလတ်တလောတွင်မရှိပါ။ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ကျေးရွာတွင်းပဋိပက္ခများ မရှိပါ။ကျေးရွာတွင် လူကုန်ကူးမှုများ ဝေးလံခေါင်သီ/လမ်းပမ်းဆက်သွယ်ရေးခက်ခဲမှုမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	မြင့်	ရာသီဥတု အပူချိန်များသောနှစ်
အပင်မျိုးစိတ်များ	မရှိ	
ရေအရင်းအမြစ်	မရှိ	
ငါးမျိုးကွဲများ	မရှိ	
အခြားတိရစ္ဆာန်မျိုးကွဲများ	မရှိ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ ရာသီဥတုပူပြင်းသောနှစ် သီးနှံများမှန်းထားသလောက်စိုက်ပျိုး၍မရပါ။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ □	မရှိ √
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ √	မရှိ □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။စုံပဒေါက်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်းအချို့အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင် ဖွဲ့စည်းထားပါသည်။